ရင်းပင် ၃၂-ပါးသော ကောဋ္ဌာသတို့ အလွန် ထင်ရှားလာရ ကား လေးလအတွင်း၌ သောတာပန်များ ဖြစ်ကြလေသည်၊ [ တတိယသံဂါယနာ၏ ခေါင်းဆောင် ရဟန္တာအရှင် မောဂ္ဂ- လိပုတ္တတိဿထေရ်လည်း ဤ ကောဋ္ဌာသကမ္မဋ္ဌာန်းဖြင့်ပင် သာမဏေဘဝ၌ သောတာပန် ဖြစ်ခဲ့ပေသည်။]

(က) ယထေဝ မတသရီရံ၊ ဇီဝံပိ အသုဘံ တထာ။
အာဂန္တုကာလင်္ကာရေန၊ ဆန္နတ္တာ တံ န ပါကဋံ။

မတသရီရံ၊ ဥဒ္ဓုမာတက စသည်မြားမြောင် သူသေ ကောင်သည်။ အသုဘံ ယထေဝ၊ စက်ဆုပ်ရှုံဘွယ် မတင့်တယ် သကဲ့သို့။ တထာ၊ပုံစံထားယူ မခြားအတူသာလျှင်။ ဇီဝံပိ၊ ဝတ်စား ဆင်ပြင် အသက်ရှင်ဆဲ ကိုယ်သည်လည်း။ အသုဘံ အသုဘံယေဝ၊ စက်ဆုပ် ရှုံဘွယ် မတင့်တယ်သည် သာတည်း။ အာဂန္တုကာလင်္ကာရေန၊ ညစ်ကြေးသုတ်သင် အငှါးဆင်၍ ပြုပြင်ဖန်ထား တန်ဆာများဖြင့်။ ဆန္နတ္တာ၊ မဖွယ်ရာကို ကွယ် ကာဖုံးထားအပ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုရှုံဘွယ်ညစ်ပေ အသုဘ သဘောတွေသည်။ န ပါကဋံ၊ အမြင်အားဖြင့် မထင် ရှားဘဲ ရှိရလေသတည်း။

(ခ) ဣမံ ဟိ သုဘတော ကာယံ၊ ဂဟေတွာ တတ္ထ မုစ္ဆိတာ။
ဗာလာ ကရောန္တာ ပါပါနိ၊ ဒုက္ခာ န ပရိမုစ္စရေ။

ဣမံ ဟိ ကာယံ၊ အသုဘသဘော ရှုံဘွယ်ပေါသည့် ကိုယ် ရောသူပါ ဤခန္ဓာကိုပင်။ သုဘတော၊ စွဲမက်သဘွယ် လွန် တင့်တယ်၏ ဟူ၍။ ဂဟေတွာ၊ ရှိရင်းပြောင်းပြန် မမှန်ကန်